K.N.D.F

# Karenni Natiaonalities Defence Force

## ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

### တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၂) နေ့။

အောက်တိုဘာလ (၁၂) ရက်နေ့ မနက် (၇း၃၀) နာရီတွင် ဖရူဆိုမြို့နယ် ထားလဲကျေးရွာဘက်သို့ စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်ယာဉ်တန်းကို ကရင်နီတပ်မတော်(KA) နှင့် KNDF တပ်တို့မှ ပူးပေါင်းမိုင်းဆွဲတိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုအတွင်း အကြမ်းဖက် စစ်ကောင်စီဘက်မှ ကားတစ်စီးပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပါသည်။

ထို့အပြင်အောက်တိုဘာလ(၁၁)ရက်နေ့ ညနေပိုင်းတွင်လည်း ထားလဲကျေးရွာအနီး အကြမ်းဖက် စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊KNDF ပူးပေါင်းတပ်တို့ နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ထားလဲကျေးရွာအတွင်းသို့ ဝင်ရောက်ကာ ကျေးရွာပြည်သူများ၏ စပါးချီများကိုမီးရှို့ဖျက်စီးခြင်းနှင့်ကျွဲနွားတိရိစ္ဆာန်များကို သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် အောက်တိုဘာလ လဆန်းပိုင်းမှစ၍ ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်ဘက်သို့ ထိုးစစ်ဆင်လျက်ရှိပြီး၊ လွိုင်ကော်-ဘောလခဲ လမ်းမကြီးတစ်လျှောက် လမ်းကင်း များချထားခြင်း၊ ခြေလျင်တပ်များဖြင့်စစ်ကြောင်းထိုးခြင်း၊ ယာဉ်တန်းများဖြင့် လူသူ လက်နက်၊ ရိက္ခာ အင်အား ဖြည့်ခြင်းများလုပ်ဆောင်နေပါသည်။ ဖရူဆိုမြို့နယ်၊ ထားလဲကျေးရွာအနီးတွင် အောက်တိုဘာလ (၉) ရက်နေ့မှ စ၍ တိုက်ပွဲများ (၅) ကြိမ်ထက်မနည်းဖြစ်ပွားခဲ့ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။